# ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (LOCALISATION)-မြန်မာနိုင်ငံ အာဟာရကဏ္ဍကို အသိပေးရန် သက်သေသာဓကများ နှင့် အကောင်းဆုံးအလေ့အကျင့်များကို ပြန်လည်သုံးသပ်မှု



## အစီရင်ခံစာ၊ အနှစ်ချုပ်

Nicki Connell, Joanne Chui   မတ် ၂၀၂၂

မြန်မာနိုင်ငံ၏ လုပ်ကိုင်ဆောင်ရွက်ရန် ရှုပ်ထွေးသည့် ပတ်ဝန်းကျင်နှင့်အတူ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်တပ်အာဏာသိမ်းမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါတို့ ဆက်လက်ဖြစ်ပွားနေမှု စသည်တို့ကြောင့် အာဟာရကဏ္ဍဆိုင်ရာ စီမံကိန်းများ ချက်ချင်း အရှိန်မြှင့်ဆောင်ရွက်ရန် အလို့ငှာ အာဟာရကဏ္ဍတွင် ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)ကို အားကောင်းစေခြင်း နှင့် ဒေသတွင်း တုံ့ပြန် ဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို တိုးမြှင့်ရန်မှာ ပို၍ပင် မရှိမဖြစ်အရေးကြီးနေပါသည်။ အကောင်းဆုံး သော တုံ့ပြန်ဆောင်ရွက်မှုအတွက် အထူးသဖြင့် လက်လှမ်းမီမှု ခက်ခဲလာခြင်းနှင့် ခွင့်ပြု ချက်လိုအပ်ပြီး အသွားအလာ ကန့်သတ်မှုများသည့် အခင်းအကျင်းတွင် ပူးပေါင်းဆောင်ရွက်ရန် ပြည်တွင်း/ဒေသတွင်း အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးသည်ကို ကိုဗစ်-၁၉ ကပ်ရောဂါမှ မီးမောင်းထိုးပြနေပါသည်။ ဝန်ဆောင်မှုများ ရေရှည်တည်တံ့ရန် နှင့် ဆက်လက်ထောက်ပံ့ပေးနိုင်ရန် ဒေသတွင်းကိုက်ညီမှု ရှိ အောင် ဆောင်ရွက် ခြင်း (Localisation)သည် အမြဲတမ်း အရေးကြီးနေသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ အာဟာရကဏ္ဍတွင် ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)ဆိုင်ရာ အတွေ့အကြုံများကို ပြန်လည်သုံးသပ်ရန် HARP Facility မှ အထူး ခန့်အပ်ထားခြင်းဖြစ်သည်။ ဤအစီရင်ခံစာကို မှတ်တမ်းစာပေများကို ပြန်လည်သုံးသပ်မှု နှင့် ပြည်တွင်း/ဒေသတွင်း အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ(INGOs)နှင့် UN အေဂျင်စီများအား မေးမြန်းထားကာ ရေးသားထားပါသည်။ အကောင်း ဆုံးအလေ့အကျင့်များ နှင့် အကြံပြု ချက်များကို ရေးသားသူများမှ ထုတ်ဖော်ပြသထားပြီး ထိုသို့ပြု လုပ်နိုင်စေရန် မှတ်တမ်းစာပေများကို ပြန် လည်သုံးသပ်မှု နှင့် အဓိကသတင်းအချက်အလက်ပေးနိုင်သူများကို မေးမြန်းထားမှုများအပေါ်အခြေခံထားပါသည်။

### အကောင်းဆုံးအလေ့အကျင့်များ

ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)အတွက် အောင်မြင်သော ချဉ်းကပ်မှုများဆိုင်ရာ လက်ရှိသက်သေ သာဓက များမှာ နည်းပါးလှပြီး အာဟာရကဏ္ဍအတွက် ပို၍ပင် ကန့်သတ်ချက် ရှိနေပါသည်။ အာဟာရကဏ္ဍတွင် ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation) နှင့်အညီ ဆောင်ရွက်သည့် အကောင်းဆုံးအလေ့အကျင့်များအတွက် တိကျသည့် နိဂုံးချုပ်ကောက်ချက် များ ချမှတ်နိုင်စေရန် လုံလောက်သည့် မှတ်တမ်းစာပေများ မရှိနေသော်လည်း မြန်မာနိုင်ငံ အာဟာရကဏ္ဍတွင် အသုံးချနိုင်သည့် အခြား နိုင်ငံများမှ အပါအဝင် အခြားကဏ္ဍများတွင် ဖြစ်ရပ်လေ့လာမှုများ ရှိနေပါသည်။ မူဝါဒ၊ မိတ်ဖက်အဖြစ်ဆောင်ရွက်ခြင်း၊ ရန်ပုံ ငွေထောက်ပံ့ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း နှင့် စွမ်းဆောင်ရည်တိုးတက်စေခြင်း (ဇယား က) တို့အတွက် မှတ်တမ်းစာပေများကို ပြန်လည်သုံးသပ်၍ ရေးသားသူများမှ ရေးသားထုတ်နုတ်ထားပါသည်။

### အကြံပြုချက်များ

မြန်မာနိုင်ငံ အာဟာရကဏ္ဍတွင် ဦးဆောင်အေဂျင်စီများဖြစ်သည့် (UNICEF)၊ INGO များ၊ Scaling Up Nutrition Civil Society Alliance (SUN CSA)၊ ပြည်တွင်း/ဒေသတွင်းအဖွဲ့အစည်းများ နှင့် အလှူရှင်အဖွဲ့အစည်းများမှ ဆက်လက်လုပ်ဆောင်ရန် အဆင့်များနှင့် အကြံပြုချက်များကို သတ်မှတ်ဖော်ထုတ်ထားပါသည်။ (ဇယား ခ).

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

## နိဂုံးချုပ်ကောက်ချက်များ

မြန်မာနိုင်ငံ၏ အာဟာရကဏ္ဍတွင် ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)ကို တိုးတက်စေရန် အဓိကဦးစားပေး လုပ်ကိုင်ရမည့် အဆင့်များတွင် အောက်ပါတို့ ပါဝင်သည်။

၁ အာဟာရကဏ္ဍအစီအစဥ်များ အကောင်အထည်ဖော်ရန် နှင့် ပူးပေါင်းဆောင်ရွက်မှု ယန္တရားများတွင်  ပါဝင်နိုင်စေရန် နှင့်  အာဟာရကဏ္ဍတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍတိုးမြှင့်ရန် ပြည်တွင်း/ဒေသတွင်းအဖွဲ့အစည်းများအတွက် အဓိကအဟန့်အတားများကို သတ်မှတ်ဖော်ထုတ်ရန် နှင့် အဖြေရှာရန် ရည်ရွယ်၍ အာဟာရကဏ္ဍဆိုင်ရာ အစုအဖွဲ့မှ အလုပ်ရုံအစည်းအဝေးများ ဆက်တိုက် ကျင်းပသင့်သည်။

၂ အလုပ်ရုံအစည်းအဝေးများနှင့် အစီရင်ခံစာတွင် ပါရှိသည့် တွေ့ရှိချက်များအပေါ် မူတည်၍  မြန်မာနိုင်ငံ၏ အာဟာရကဏ္ဍတွင် အာဟာရကဏ္ဍဆိုင်ရာ အစုအဖွဲ့ သို့မဟုတ် SUN အတွင်းရေးမှူး(secretariat) မှ နိုင်ငံတော်အဆင့် နှင့် တိုင်း/ပြည်နယ်အဆင့် ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)မဟာဗျူဟာ ရေးဆွဲရန်။

၃ အာဟာရကဏ္ဍတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍ တိုးမြှင့်ရန် ပြည်တွင်း/ဒေသတွင်းအဖွဲ့အစည်းများ (သေးငယ်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)/ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ(CBOs)/တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ (EHOs)အပါအဝင်)သည် နိုင်ငံတော်အဆင့် နှင့် တိုင်း/ပြည်နယ်အဆင့် ပူး  ပေါင်းဆောင်ရွက်မှုယန္တရားများအတွင်း ၎င်းတို့အတွက် အဓိကအဟန့်အတားများကို သတ်မှတ်ဖော်ထုတ်သည့် အလုပ်ရုံအစည်းအဝေးအပေါ် မူတည်၍  အာဟာရ ဏ္ဍဆိုင်ရာ အစုအဖွဲ့မှ အကောင်အထည်  ဖော်နိုင်သည့် ဆက်လက်လုပ်ဆောင်ရမည့် အဆင့်များကို သတ်မှတ်ရန်။

၄ ပြည်တွင်း/ဒေသတွင်းအဖွဲ့အစည်းများဆီသို့ ခွဲဝေသည့် ရန်ပုံငွေပမာဏကို ခြေရာခံတိုင်းတာနိုင်သည့် အသင့်တော်ဆုံးဖြစ်သည့် ပုံစံကို နှင့် ထိုပုံစံကို ပြန်လည်မွမ်းမံရမည့် အကြိမ်ကို အာဟာရကဏ္ဍဆိုင်ရာ အစုအဖွဲ့မှ သတ်မှတ်ရန်။

၅ ပြည်တွင်း/ဒေသတွင်းအဖွဲ့အစည်းများ နှင့် သက်ရောက်မှုရှိနေသည့် (အမျိုးသမီးများ ခေါင်းဆောင်သည့် အဖွဲ့အစည်းများ ကဲ့သို့သော)ရပ်ရွာလူထုများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် နှင့် ပိုင်ရှင်စိတ်ဓါတ် ဖြင့် ပါဝင်ဆောင်ရွက်ခြင်းသို့ ကူးပြောင်းလာစေရန် ရည်ရွယ်၍ အာဟာရကဏ္ဍဆိုင်ရာ ကြားခံအဖွဲ့အစည်းများ/ INGOs များမှ တိုးတက်မှုပြ ပန်းတိုင်များဖြင့် ကာလရှည် ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက် ခြင်း (Localisation)မဟာဗျူဟာ ရေးဆွဲရန် နှင့် အကောင်အထည်ဖော်ရန်။

၆ အလှူရှင်အဖွဲ့အစည်းများမှ ရန်ပုံငွေလျှောက်ထားခြင်းများကို ရိုးရှင်းစေရန်၊ ရန်ပုံငွေထောက်ပံ့ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို မြန်မာဘာသာဖြင့် ဘာသာပြန်ဆိုရန်၊ ဒေသခံဘာသာစကားဖြင့် ရန်ပုံငွေ  လျှောက်ထားခြင်းများကို တင်သွင်းခွင့် ပြု ရန်၊ ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့် ကာလရှည် ရန်ပုံငွေထောက်ပံ့ရန် နှင့် စောင့်ကြည့်လေ့လာခြင်း/အစီရင်ခံခြင်းဆိုင်ရာ မျှော်မှန်းချက်များကို ပြောင်းလဲပေးရန်။



*Template: © Molly Webster*
*Photos: © Unsplash*

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.